## မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရကုမ္ပဏီမှတ်ပုံတင်ခြင်း

၁၁။ ပြဋ္ဌာန်းထားသောဥပဒေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ(Myanmar Companies Act 1914)

( ခ) 1950ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေ(Special Companies Act 1950)

( ဂ) 1955ခုနှစ်ကုမ္ပဏီများ(ပြင်ဆင်ချက်)ဥပဒေ ( Myanmar Companies (Amendment) Act 1955)

(ဃ) 1957ခုနှစ်မြန်မာနိုင်ငံကုမ္ပဏီများစည်းမျဉ်းများ(Myanmar Companies Regulations 1957)

၁၂။ ဖွဲ့စည်းမှတ်ပုံတင်ခွင့်ပြုသည့် ကုမ္ပဏီအမျိုးအစားမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) မြန်မာကုမ္ပဏီ (Myanmar Company)

( ခ) နိုင်ငံခြားကုမ္ပဏီ(Foreign Company)

( ဂ) ဖက်စပ်ကုမ္ပဏီ(Joint Venture Company)

(ဃ) အသင်း(Association)

၁၃။ မြန်မာကုမ္ပဏီ(အများနှင့်မသက်ဆိုင်သောကုမ္ပဏီ) (Private)များ ဖွဲ့စည်းမှတ်ပုံတင်ခြင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

အဆင့်(၁) ကုမ္ပဏီအမည်ရွေးချယ်ခြင်း

အဆင့်(၂) ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်ရန်ပုံစံများထုတ်ယူခြင်းနှင့်တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရန်

အဆင့်(၃) ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်ခွင့်ပုံစံများတွင် ပြည့်စုံစွာ လက်မှတ်ရေးထိုးပြီး ကုမ္ပဏီမှတ်ပုံတင်ရုံးသို့ လျှောက်ထားခြင်းနှင့် မှတ်ပုံတင်ကြေးပေးသွင်းခြင်း

အဆင့် (၄) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်ရယူခြင်း

အဆင့်(၅) ကုမ္ပဏီရုံးခန်းဖွင့်လှစ်ဆောင်ရွက်နေကြောင်းထောက်ခံချက်တင်ပြရန်

၁၄။ တံဆိပ်ခေါင်းခွန်ပေးဆောင်ခြင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

ပြည်တွင်းအခွန်များဦးစီးဌာန၏မြန်မာနိုင်ငံတံဆိပ်ခေါင်းခွန် ဥပဒေအရ သတ်မှတ်မတည်ငွေရင်းပေါ်မူတည်၍ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းတွင် တံဆိပ်ခေါင်းခွန်ပေးဆောင်ရန်။

၁၅။ မှတ်ပုံတင်ကြေးပေးဆောင်ခြင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဖွဲ့စည်းမှတ်ပုံတင်ကြေး ကျပ် ၅၀၀,၀၀၀

( ခ) (၅)နှစ်တစ်ကြိမ် သက်တမ်းတိုးကြေး ကျပ် ၃၀၀,၀၀၀

( ဂ) အမည်ပြောင်းမှတ်ပုံတင်ကြေး ကျပ် ၇၅,၀၀၀

(ဃ) ကတ်ပြားမိတ္တူမှန် ကျပ် ၅၀,၀၀၀

၁၆။ မြန်မာကုမ္ပဏီ(အများနှင့်သက်ဆိုင်သောကုမ္ပဏီ)(Public)များ ဖွဲ့စည်းမှတ်ပုံတင်ခြင်း မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

အဆင့်(၁) ကုမ္ပဏီအမည်ရွေးချယ်ခြင်း

အဆင့်(၂) ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်ရန်ပုံစံများ ဖြည့်စွက်ခြင်းနှင့် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရန်

အဆင့်(၃) ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်ခွင့်ပုံစံများတွင် ပြည့်စုံစွာ လက်မှတ်ရေးထိုးပြီး ကုမ္ပဏီမှတ်ပုံတင်ရုံးသို့ လျှောက်ထားခြင်းနှင့် မှတ်ပုံတင်ကြေးပေးသွင်းခြင်း

အဆင့် (၄) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်ရယူခြင်း

အဆင့်(၅) လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ်လျှောက်ထားခြင်း

၁၇။ လုပ်ငန်းစတင်ဆောင်ရွက်ခွင့် လက်မှတ်လျှောက်ထားရာတွင် DIC ရုံးသို့ တင်ပြ ရမည့် အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) တင်ပြစာ

( ခ) ဒါရိုက်တာအဖြစ် သဘောတူခွင့်ပြုခြင်းခံရသူများစာရင်းအား ပုံစံ(၁)ဖြင့် တင်ပြရန်

( ဂ) အရည်အချင်းပြည့် အစုရှယ်ယာဝယ်ယူပြီးဖြစ်ကြောင်း တရားရုံးတွင် ကတိသစ္စာပြုလွှာ

(ဃ) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအတိုင်းဆောင်ရွက်ရန် ဒါရိုက်တာများမှ သဘောတူကြောင်းပုံစံ(၂)ဖြင့် တင်ပြရန်

( င ) အရည်အချင်းပြည့် အစုရှယ်ယာဝယ်ယူပြီးဖြစ်ကြောင်း ဒါရိုက်တာများ၏ သဘောတူညီချက်ပုံစံ(၂၅)ဖြင့် တင်ပြရန်

( စ ) အလားအလာညွှန်တမ်း

(ဆ) သတင်းစာကြော်ငြာချက်

( ဇ ) ဘဏ်တွင် အနည်းဆုံးသန်း(၅ဝ) ထည့်ဝင်ထားသည့် ဘဏ်ငွေစာရင်း

(ဈ) ဒါရိုက်တာအဖွဲ့ အစည်းအဝေးမှတ်တမ်းဖြင့် ကနဦးမတည်ငွေ ထည့်ဝင်ထားကြောင်း ပုံစံ ၆နှင့် ဒါရိုက်တာများစာရင်းပုံစံ၂၆ တင်ပြရန်

၁၈။ သက်တမ်းတိုးမြှင့်ရန် လိုက်နာရမည့် အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ဖွဲ့စည်းပြီး ကုမ္ပဏီများ၏ သက်တမ်းမှာ(၅)နှစ်ဖြစ်၍ သက်တမ်းမကုန်ဆုံးမီ (၃)လ အလိုတွင် သက်တမ်းတိုး လျှောက်ထားရမည်။ အောက်ပါစာရွက်စာတမ်းများ တင်ပြ ရပါမည်-

(က) ကုမ္ပဏီသက်တမ်းတိုးမြှင့်ခွင့်ပလျှောက်ထားလွှာ

( ခ ) ကုမ္ပဏီမှတ်ပုံတင်ကတ်(မူရင်း)

( ဂ ) လက်ရှိလုပ်ငန်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီရုံးခန်းလိပ်စာ။

(ဃ) လက်ရှိဒါရိုက်တာအဖွဲ့စာရင်း။

( င ) လက်ရှိလုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း ဥက္ကဋ္ဌ(သို့မဟုတ်) အုပ်ချုပ်မှု ဒါရိုက်တာ ကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုလွှာ။

( စ ) နောက်ဆုံးကျင်းပခဲ့သည့် နှစ်ပတ်လည် အထွေထွေအရပ်ရပ် အစည်းအဝေး (Annual General Meeting) မှတ်တမ်း၊ ပုံစံ(C) (From E) (Form 26)။

(ဆ) သတ်မှတ်ထားသည့် စည်းကြပ်နှစ်အထိ ကျသင့်အခွန်များ ပြေကြေစွာ ထမ်းဆောင်ပြီး ကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ အကြောင်းကြားစာ (မိတ္တူ)။

၁၉။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ တည်ထောင်ခွင့်ပြုပြီးသော ကုမ္ပဏီများ လိုက်နာဆောင်ရွက်ရန် အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကုမ္ပဏီတည်ထောင်ခွင့် ရရှိပြီးနောက် ဥပဒေနှင့်အညီ ကုမ္ပဏီ၏ ဆိုင်းဘုတ်၊ တံဆိပ် တုံး၊ ခေါင်းစီးပါ စာရွက်များအား ထားရှိသုံးစွဲရန်။

( ခ) လုပ်ငန်းစတင်ဆောင်ရွက်နိုင်ရန် အစုရှယ်ယာများ ခွဲဝေရောင်းချပြီး ရောင်းချသည့်နေ့မှ တစ်လအတွင်း ပုံစံ(၆)ဖြင့် မှတ်ပုံတင်ကြေးငွေ ၂၅၀၀၀/-ကျပ် ပေးသွင်းပြီး မှတ်ပုံတင်ရန်၊ (ပုဒ်မ-၁၀၄)။

(ဂ) ဒါရိုက်တာများ/မန်နေဂျာများခန့်ထားခြင်းကို ပုံစံ(၂၆)ဖြင့် ခန့်ထားပြီး၊ (၁၄) ရက်အတွင်း မှတ်ပုံတင်ကြေး ၂၅၀၀၀/-ကျပ် ပေးသွင်းကာ မှတ်ပုံတင်ရန်၊ နှုတ်ထွက်ခြင်းနှင့် အခါအားလျော်စွာ ပြောင်းလဲချက်များအတွက် ပုံစံ(၂၆)ဖြင့် ပင်ပြောင်းလဲမှု ဖြစ်သည့်နေ့မှ (၁၄)ရက်အတွင်း မှတ်ပုံတင်ကြေးငွေ ၂၅၀၀၀/-ကျပ်ပေးသွင်းပြီး မှတ်ပုံတင်ရန်၊ (ပုဒ်မ-၈၇)-

(၁) ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်။

(၂) ပုံစံ(၂၆)။

( င) ကုမ္ပဏီ၏ လုပ်ငန်းတည်နေရာ/ လုပ်ငန်းခွဲတည်နေရာ ပြောင်းလဲရာတွင် ပြောင်းလဲသည့်နေ့မှစ၍ (၂၈)ရက်အတွင်း သတ်မှတ်ပုံစံဖြင့် မှတ်ပုံတင်ကြေး ငွေ ၂၅၀၀၀/-ကျပ်ပေးသွင်းပြီး မှတ်ပုံတင်ရန်၊ (ပုဒ်မ-၇၂)-

(၁) ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်။

(၂) သတ်မှတ်ပုံစံ။

( စ) ပထမအကြိမ် အထွေထွေအရပ်ရပ်အစည်းအဝေးကို ကုမ္ပဏီမှတ်ပုံတင်ခွင့်ပြုသည့်နေ့မှ (၁၈)လအတွင်းလည်းကောင်း၊ နောင်လာမည့်နှစ်များအတွက် အစည်းအဝေးကို နှစ်စဉ် (၁၅)လအထက် ကျော်လွန်ခြင်းမရှိ၊ ပြက္ခဒိန်နှစ်မကျော်လွန်စေဘဲ ကျင်းပ၍ အစည်းအဝေးကျင်းပသည့်နေ့မှ (၂၁)ရက်အတွင်း ပုံစံ(C) (From E) ဖြင့် မှတ်ပုံတင်ကြေးငွေ ၂၅၀၀၀/-ကျပ်ပေးသွင်းကာ မှတ်ပုံတင်ရန် (ပုဒ်မ-၇၆)

- ကုမ္ပဏီ၏ တစ်နှစ်အတွင်း အရောင်းအဝယ်၊ အရှုံးအမြတ်စာရင်းနှင့် စာရင်းစစ်အစီရင်ခံစာကို ပူးတွဲတင်ပြရန်။

(ဆ) ကုမ္ပဏီဒါရိုက်တာများ၏ နေရပ်လိပ်စာပြောင်းလဲသည့်အခါ ပြောင်းလဲသည့် နေ့မှစ၍ (၁၄)ရက်အတွင်း သတ်မှတ်ပုံစံ(၂၆)ဖြင့် မှတ်ပုံတင်ကြေးငွေ ၂၅၀၀၀/- ကျပ် ပေးသွင်းပြီး မှတ်ပုံတင်ရန်(ပုဒ်မ-၈၇)

( ဇ) သတ်မှတ်ပြဋ္ဌာန်းချက်နှင့်အညီ အထူးအစည်းအဝေးဆုံးဖြတ်ချက်များ ပြုလုပ် ပါ က(၁၅)ရက်အတွင်း မှတ်ပုံတင်ကြေးငွေ ၇၅၀၀၀/-ကျပ်ပေးသွင်းကာ မှတ်ပုံတင်ရန်၊ (ပုဒ်မ-၈၂)။

(ဈ) အများနှင့်သက်ဆိုင်သောကုမ္ပဏီများလည်း အထက်ပါအချက်များကို လိုက်နာ ဆောင်ရွက်ရမည့်အပြင် အောက်ပါစာရွက်စာတမ်းနှင့်အတူ မှတ်ပုံတင်ရန် လိုအပ်ပါသည်။

(၁) Statuory Meeting ကို လုပ်ငန်းစတင်ဆောင်ရွက်ခွင့်ရပြီး တစ်လ ထက်မစော၊ ခြောက်လထက် မပိုသောအချိန်တွင် ကျင်းပပြီး Statution Reportကို အစည်းအဝေးကျင်းပပြီးနောက်(၂၁)ရက်အတွင်း မှတ်ပုံတင် ရန်။

(၂) ပထမအကြိမ်အထွေထွေအရပ်ရပ်အစည်းအဝေးကို ကုမ္ပဏီတည်ထောင် ခွင့်ပြု သည့်နေ့မှ(၁၈)လအတွင်း ကျင်းပရန်။

(၃) နောင်နှစ်များအတွင်း ပုံစံ(C) (From E) ကို အရှုံးအမြတ်ရှင်းတမ်း၊ ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာများနှင့်အတူ မှတ်ပုံ တင်ရန်။

(ည) မူလမှတ်ပုံတင်ပြီးသင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းပါ အချက်အလက်များ (ဥပမာ- ကုမ္ပဏီ၏အမည်၊ ရည်ရွယ်ချက်၊ မတည်ရင်းနှီးငွေ) ပြောင်းလဲရန် ဖြစ်ပေါ်လာပါက အောက်ပါအတိုင်း ဆောင်ရွက်ရန်-

(၁) ကုမ္ပဏီ၏ သက်ဆိုင်ရာကိစ္စရပ်အပေါ် အထူးအစည်းအဝေး မှတ်တမ်း နှင့် ပူးတွဲလျက် လျှောက်လွှာအား ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြရန်။

(၂) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ စိစစ်၍ ပြင်ဆင်ရန်အတွက် ခွင့်ပြုမိန့်ရရှိပါက ၎င်းရုံးနှင့် ဆက်သွယ်၍ လိုအပ်သည့် မှတ်ပုံတင်ကြေးများပေးသွင်းရန်။

(၃) ပြင်ဆင်သည့်စာပိုဒ်မများပါဝင်သော စာမျက်နှာတိုင်းအတွက် အသစ်ပုံနှိပ်၍ ယင်းစာမျက်နှာအား မူလစာမျက်နှာအထက်တွင် ထားရှိ၍ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းစာအုပ်တွင် ထည့်သွင်းချုပ်ရန်။

(၄) အသစ်အစားထိုးသည့် သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း၏ စာရွက်တိုင်းတွင် ပြင်ဆင်သည့်ကိစ္စအတွက် မှတ်ချက်နှင့်အတူ ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာမှ တံဆိပ်တုံးရိုက် လက်မှတ်ရေးထိုးရန်။

(၅) ကုမ္ပဏီ၏ ကျန်ရှိသောသင်းဖွဲ့မှတ်တမ်း၊ စည်းမျဉ်းများတွင်လည်း လိုအပ်သလို ပြင်ဆင်ထားရန်။

(၆) အထက်ပါအချက်များ ဆောင်ရွက်ပြီးပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီ များ ညွှန်ကြားမှုဦးစီးဌာန၊ ကုမ္ပဏီဌာနခွဲတွင် ယင်းကိစ္စအတွက် မှတ်ပုံတင်ပြီးကြောင်း (C.R.D)ရယူရန်။

၂၀။ ကုမ္ပဏီများဖျက်သိမ်းခြင်းကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) ကုမ္ပဏီများသည် ဥပဒေအရ တရားဝင်မှတ်ပုံတင်၍ ဖွဲ့စည်းထားခြင်းဖြစ်၍ ဖျက်သိမ်းလိုသည့်အခါတွင်လည်း ဥပဒေပြဋ္ဌာန်းချက်များနှင့် အညီသာ ဖျက်သိမ်းရမည်။

(၁) အလိုအလျောက် အစုရှယ်ယာရှင်၏ အများသဘောတူညီချက်အရ ဖျက်သိမ်းခြင်း၊

(၂) တရားရုံးချုပ်၏ အမိန့်အရ ဖျက်သိမ်းခြင်း၊

(၃) တရားရုံး၏ ကြီးကြပ်မှုဖြင့် ဖျက်သိမ်းခြင်းဟူ၍ သုံးမျိုးသုံးစား ခွဲခြားနိုင်ပါသည်။

(ခ) ကုမ္ပဏီများဖျက်သိမ်းရန်လိုပါက မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ–၁၅၅ မှ ၂၄၇ အထိတွင် ပြဋ္ဌာန်းချက်များနှင့်အညီ ဖျက်သိမ်းရေးအရာရှိ ခန့်ထားကာ ဆောင်ရွက်ရပါသည်။ ဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီ ဖျက်သိမ်းခြင်း

လုပ်ငန်းများ ပြီးဆုံးသည်အထိ ကုမ္ပဏီကိစ္စအဝဝကို ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဖျက်သိမ်းရေး အရာရှိသည် ကုမ္ပဏီက ပေးရန်ရှိသည်များ ရရန်ပိုင်ခွင့်များကိုစာရင်း ရှင်းလင်းခြင်း၊ အစုရှယ်ယာရှင်များ၏ အစုရှယ်ယာ အချိုးကျအတိုင်း မတည်ရင်းနှီးငွေ ခွဲဝေပေးခြင်း၊ ပစ္စည်းကျန်ရှိခဲ့လျှင်လည်း အစုရှယ်ယာရှင်များအား ခွဲဝေပေးခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ရပါသည်။

၂၁။ နိုင်ငံခြားကုမ္ပဏီအမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) မြန်မာနိုင်ငံတွင် အစုရှယ်ယာဖြင့် ရင်းနှီးတည်ထောင်ထားသော နိုင်ငံခြား ကုမ္ပဏီများ။

( ခ) မြန်မာနိုင်ငံတွင် ရုံးခွဲဖွင့်လှစ်ထားသော နိုင်ငံခြားကုမ္ပဏီရုံးခွဲများ။

၂၂။ ဆောင်ရွက်နိုင်သည့် လုပ်ငန်းအမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) စက်မှုလက်မှုနှင့်ထုတ်လုပ်မှုလုပ်ငန်း(Industry)။

( ခ) ဟိုတယ်လုပ်ငန်း(Hotel)။

( ဂ) ဆောက်လုပ်ရေးလုပ်ငန်း(Construction)။

(ဃ) ဝန်ဆောင်မှုလုပ်ငန်း(Services)။

( င) ခရီးသွားလုပ်ငန်း(Travel& Tours)။

} MIC ခွင့်ပြုမိန့် ယူရန်

( စ) ဘဏ်ကိုယ်စားလှယ်ရုံးလုပ်ငန်း(Bank Representative)။

၂၃။ နိုင်ငံခြားကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်ခွင့် လျှောက်ထားရာတွင် ပါဝင်ရမည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်လျှောက်လွှာ

( ခ) ပုံစံ “က” Form “A”(၂)စုံ တင်ပြရန် (ပြည့်စုံစွာဖြည့်စွက်ပြီး လက်မှတ် ရေးထိုးရန်)

( ဂ) လုပ်ငန်းရည်ရွယ်ချက်အတိအကျတင်ပြရန်

(ဃ) ယူဆောင်လာရမည့် အနည်းဆုံးနိုင်ငံခြားမတည်ရင်းနှီးငွေကို ဖော်ပြရန်

( င) အစုရှယ်ယာရှင်တစ်ဦးစီ၏Passport Copies/ N.R.C Copies များ တင်ပြ ရန် ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီ၏ မှတ်ပုံတင် မိတ္တူကို တင်ပြရန်

(စ) သင်းဖွဲ့မှတ်တမ်း/ သင်းဖွဲ့စည်းမျဉ်းတင်ပြရန်

(ဆ) အစုရှယ်ယာရှင်သည် ကုမ္ပဏီဖြစ်ပါက ဒါရိုက်တာအဖွဲ့အစည်း အစည်းအဝေး မှတ်တမ်းမူရင်းတင်ပြရန်

(ဇ) ရောင်းဝယ်ရေးလုပ်ငန်းဆောင်ရွက်မည် မဟုတ်ကြောင်း ဝန်ခံကတိတင်ပြရန်။

| | |
|---|---|
| စက်မှုလက်မှုနှင့်ထုတ်လုပ်မှုလုပ်ငန်း။<br>❖ ဟိုတယ်လုပ်ငန်း။<br>❖ ဆောက်လုပ်ရေးလုပ်ငန်း။ | အမေရိကန်ဒေါ်လာ<br>၁၅၀၀၀၀/- |
| ❖ ဝန်ဆောင်မှုလုပ်ငန်း။<br>❖ ခရီးသွားလုပ်ငန်း။<br>❖ ဘဏ်ကိုယ်စားလှယ် ရုံးခွဲလုပ်ငန်း။ | အမေရိကန်ဒေါ်လာ<br>၁၅၀၀၀၀/- |

သတ်မှတ်ထားသည့် မတည်ငွေရင်းအမေရိကန်ဒေါ်လာကို ခွင့်ပြုမိန့် ရရှိပြီးသက်တမ်းကာလ (၅)နှစ်အတွင်း အပြည့်သွင်းရမည်ဖြစ်ပြီး (၂)ရစ်ခွဲ၍ သွင်းနိုင်ခွင့်ရှိသည်။ (၅)နှစ်အတွင်း အပြည့်မသွင်းနိုင်က သက်တမ်းတိုးခွင့်ပြုမည် မဟုတ်ပါ။

၂၄။ ဖက်စပ်ကုမ္ပဏီဖွဲ့စည်း မှတ်ပုံတင်ခြင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံခြားသား/ နိုင်ငံခြားကုမ္ပဏီ၊ မြန်မာနိုင်ငံသား/ မြန်မာကုမ္ပဏီတို့နှင့် နိုင်ငံတော်အစိုးရတို့ ပူးပေါင်းဆောင်ရွက်ခြင်း။

(ခ) နိုင်ငံတော်အစိုးရ၏ အစုရှယ်ယာပါဝင်ခြင်းဖြစ်၍ ၁၉၉၄ မြန်မာကုမ္ပဏီများ အက်ဥပဒေနှင့် ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေအရ အထူးကုမ္ပဏီ အဖြစ်ဖွဲ့စည်းနိုင်ခြင်း။

(ဂ) တည်ဆဲဥပဒေနှင့်နိုင်ငံတော်၏ ပြဋ္ဌာန်းသတ်မှတ်ချက်များက ခွင့်မပြုသော လုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုရ၊ နိုင်ငံတော်အား ဆန့်ကျင့်လှုပ်ရှားမှုများ၊ ပြောဆို ဆောင်ရွက်မှုများကို မပြုရ။

၂၅။ ဆောင်ရွက်နိုင်သည့် လုပ်ငန်းအမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) စက်မှုလက်မှုနှင့် ထုတ်လုပ်မှုလုပ်ငန်း။

(ခ) ဟိုတယ်လုပ်ငန်း။

(ဂ) ဆောက်လုပ်ရေးလုပ်ငန်း။ — MIC

(ဃ) ဝန်ဆောင်မှုလုပ်ငန်း။ ခွင့်ပြုမိန့်ယူရန်

( င) ခရီးသွားလုပ်ငန်း။

( စ) ဘဏ်ကိုယ်စားလှယ်လုပ်ငန်း။

(ဆ) ရောင်းဝယ်ရေးလုပ်ငန်း။

(မြန်မာဖက်စပ်ကုမ္ပဏီများအတွက်သာ)

၂၆။ နိုင်ငံခြားကုမ္ပဏီ/ ဖက်စပ်ကုမ္ပဏီ မှတ်ပုံတင်ကြေးပေးဆောင်ခြင်းမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

(က) ဖွဲ့စည်းမှတ်ပုံတင်ကြေးကျပ် ၅၀၀, ၀၀၀

( ခ) သက်တမ်းတိုးမြှင့်ကြေးကျပ် ၃၀၀,၀၀၀

၂၇။ အသင်းများဖွဲ့စည်းမှတ်ပုံတင်ခြင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၆(၁)အရ ပေးရန်တာဝန် ကန့်သတ်ထားသည့် ကုမ္ပဏီအဖြစ်အသင်းကိုဖွဲ့စည်းနိုင်ပါသည်။ အသင်း၌ အမြတ်ငွေရှိလျှင် ယင်းအမြတ်ငွေသို့မဟုတ် အခြားဝင်ငွေကို အသင်း၏ ရည်ရွယ်ချက်အောင်မြင်အောင် အသုံးပြုကြောင်း၊ အသင်းသားများအား အမြတ်ဝေစုတစ်ခုခု ထုတ်ပေးခြင်းကို တားမြစ်ကြောင်း ရည်ရွယ်ချက်ရှိရမည်။ အသင်း၏အမည်တွင် “တာဝန်ဖြင့် ကန့်သတ်ထားသည်” (Limited) ဆိုသည့် စကားရပ် ထည့်သွင်းခြင်းမှ ကင်းလွတ်ခြင်းပြုစေရမည်။

( ခ) မြန်မာနိုင်ငံကိုယ်စားပြုအသင်း- ကျပ် ၅၀၀,၀၀၀

( ဂ) တိုင်းနှင့်ပြည်နယ်ကိုယ်စားပြုအသင်း- ကျပ် ၃၀၀,၀၀၀

(ဃ) မြို့နယ်ကိုယ်စားပြုအသင်း- ကျပ် ၁၀၀,၀၀၀

၂၈။ အသင်းဖွဲ့ပြီးနောက် လိုက်နာရမည့်စည်းကမ်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အမြတ်အစွန်းများကို အသင်းသားများအား ခွဲဝေပေးခြင်းမပြုရ။

( ခ) အသင်းပိုင်ပစ္စည်းနှင့် အကျိုးအမြတ်ငွေများကို အသင်းအဖွဲ့မှတ်တမ်းတွင် ဖော်ပြပါရှိသော အသင်း၏ ရည်ရွယ်ချက်များ အထမြောက်အောင်မြင်စေရန် အသုံးပြုရမည်။

( ဂ ) အသင်းပိုင်မည်သည့်ပစ္စည်းနှင့် အကျိုးအမြတ်ငွေများကိုမျှ အသင်းသားအား အမြတ်အဖြစ်သော်လည်းကောင်း၊ ဆုအဖြစ်သော်လည်းကောင်း၊ အခြား တနည်းနည်း သော်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပေးကမ်းလွှဲပြောင်းခြင်း အလျှဉ်းမပြုရ။

( ဃ ) တည်ဆဲဥပဒေနှင့် နိုင်ငံတော်၏ ပြဋ္ဌာန်းသတ်မှတ်ချက်များက ခွင့်မပြုသော လုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုရ၊ နိုင်ငံတော်အားဆန့်ကျင်လှုပ်ရှားမှုများ၊ ပြောဆိုဆောင်ရွက်ခြင်းမပြုရ။

( င ) အခါအားလျော်စွာပြဋ္ဌာန်းသည့် ဥပဒေနှင့်နိုင်ငံတော်၏ ပြဋ္ဌာန်းသတ်မှတ်ချက်ဘောင်အတွင်း လုပ်ကိုင်ခွင့်ရှိသော လုပ်ငန်းများကိုသာ လုပ်ကိုင် ဆောင်ရွက်ရမည်။ တည်ဆဲဥပဒေနှင့် နိုင်ငံတော်၏ ပြဋ္ဌာန်းသတ်မှတ်ချက် များက ခွင့်မပြုသောလုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုရ၊ နိုင်ငံတော်အား ဆန့်ကျင်လှုပ်ရှားမှုများ၊ ပြောဆိုဆောင်ရွက်ခြင်းမပြုရ။ အခါအားလျော်စွာ ပြဋ္ဌာန်းသည့်ဥပဒေနှင့် နိုင်ငံတော်၏ ပြဋ္ဌာန်း သတ်မှတ်ချက်ဘောင်အတွင်း လုပ်ကိုင်ခွင့်ရှိသောလုပ်ငန်းများကိုသာလုပ်ကိုင်ဆောင်ရွက်ရမည်။